

ခက်ဆစ် ၂

Ashin Kelasa
254 N Wickiup Road
Apache Junciton, AZ 85119
Tel: 480-288-0789

# ဓမ္မစကြာသုတ်ခက်ဆစ်

## အရှင်ကောဏ္ဍည သောတာပန်ဖြစ်ခြင်း

၁၅။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မ-တော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ 'ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ'န္တိ။

အပိုဒ် ၁၅ က ၂၉ ထိ စကားရပ်အားလုံးက ပထမသံဂါယနာ တင်ကြတဲ့ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာစတဲ့ မထေရ်မြတ်တွေရဲ့ မှတ်တမ်းစကား။ အပိုဒ် ၁၅ ရဲ့ လိုရင်းက အရှင်ကောဏ္ဍည သောတာပန် ဖြစ်သွားတယ်လို့ပါပဲ။

ဝေယျာကရဏသ္မိံ = ဓမ္မစကြာသုတ်ကို
ဘညမာနေ = ဟောနေဆဲမှာ၊ ဟောနေတုန်း
(တစ်နည်း) ဟောပြီးခါစမှာ

တရားနာယင်း သောတာပန် ဖြစ်နိုင်တယ်။ ကြည်ညိုဖွယ် အသံတော်နဲ့ ညွတ်နူးဖွယ် တရားတော်ကို ကြားနာရလို့ ဖြစ်ပေါ်တဲ့ ဝမ်းမြောက်မှု ပီတိကို အနိစ္စ ဒုက္ခ အနတ္တလို့ လက္ခဏာတင် ရှုနိုင်တယ်။ ကိုယ်တွင်းက ထိတွေ့မှု၊ အဆိုး အကောင်း ခံစားမှု၊ မြတ်စွာဘုရားကို ဖူးမြင်မှုတွေကိုလည်း ရှုနိုင်တယ်။

ဝိရဇံ = မြူကင်းတယ်
ဝီတမလံ = အညစ်အကြေးကင်းတယ်
ဓမ္မစက္ခုံ = တရားမျက်စိ (သောတာပတ္တိမဂ်ဉာဏ်)
ဥဒပါဒိ = ဖြစ်ပေါ်ပြီ

အပါယ်ရောက်ကြောင်း ဖြစ်တဲ့ ရာဂစတဲ့ မြူကင်းတယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အကြွင်းမဲ့ ကင်းတယ်။ လူ့စိတ်ကို လွှမ်းမိုးတတ်လို့ မြူ၊ ဖျက်ဆီးတတ်လို့ အညစ်အကြေး။ လောကီဝိပဿနာဉာဏ်နဲ့ အစွမ်းကုန်ပယ်ပြီးမှ လောကုတ္တရာ မဂ်ဉာဏ်နဲ့ အကြွင်းမဲ့ ပယ်တယ်။ မဂ်ဉာဏ်ဆိုတာ ဝိပဿနာဉာဏ်က ဖြစ်လာတာ။

ယံကိဉ္စိ သမုဒယဓမ္မံ = ဖြစ်ခြင်းသဘော မှန်သမျှ
သဗ္ဗံ တံ နိရောဓဓမ္မံ = ပျက်ခြင်းသဘော ရှိတယ်။



## နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

၁၆။ ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ 'ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပတိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ'န္တိ။

ဓမ္မစက္ကေ = ဓမ္မစကြာသုတ်ကို
ပဝတ္တိတေ = လည်စေပြီးတဲ့အခါ၊ ဟောကြားပြီးတဲ့အခါ
ဘုမ္မာ ဒေဝါ = မြေပြင်၌တည်သော နတ်တွေ
သဒ္ဒ မနုဿာဝေသုံ = ကောင်းချီးစကား ဆိုကြတယ်
အနုတ္တရံ = အတုမရှိတဲ့ ဓမ္မစကြာတရား
အပ္ပတိဝတ္တိယံ = လောကမှာ ဘယ်သူမှ မဟောနိုင်တဲ့တရား
သမဏေန = သမဏတွေလည်း မဟောနိုင်ဘူး
ဗြာဟ္မဏေန = ဗြာဟ္မဏတွေလည်း မဟောနိုင်ဘူး
ဒေဝေန = နတ်တွေလည်း မဟောနိုင်ဘူး
မာရေန = မာရ်နတ်တွေလည်း မဟောနိုင်ဘူး
ဗြဟ္မုနာ = ဗြဟ္မာတွေလည်း မဟောနိုင်ဘူး

၁၇။ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ ...
စာတုမဟာရာဇိကာ = စတုမာရာဇ် နတ်တွေ

၁၈။ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ...
တာဝတိံသာ နတ်တွေ

၁၉။ တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ ...
ယာမာ နတ်တွေ

၂၀။ ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ ...
တုသိတာနတ်တွေ

၂၁။ တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ ...
နိမ္မာနရတိနတ်တွေ

၂၂။ နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ...
ပရနိမ္မိတဝသဝတ္တီ နတ်တွေ

**ကာမသုဂတိ ၇ ဘုံ**

လူ့ဘုံ ၁ + နတ်ပြည် ၆ ထပ် = ၇
စတုမာရာဇ်၊ တာဝတိံသာ၊ ယာမာ၊
တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ



**ကာမ ၁၁ ဘုံ**

ကာမသုဂတိ ၇ + အပါယ် (ဒုဂ္ဂတိ) ၄ = ၁၁
ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်

၂၃။ ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ...
ဗြဟ္မကာယိကာ ဒေဝါ = ဗြဟ္မာဘုံ ၂၀ က ဗြဟ္မာတွေ

**ရူပ ၁၆ ဘုံ (ရုပ်ရှိတဲ့ ဗြဟ္မာတွေ)**

ပထမဈာန် ၃ ဘုံ
ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာ
ဒုတိယဈာန် ၃ ဘုံ
ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာ
တတိယဈာန် ၃ ဘုံ
ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ
စတုတ္ထဈာန် ၇ ဘုံ
ဝေဟပ္ဖလာ၊ အသညသတ္တာ + သုဒ္ဓါဝါသ ၅
အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌ

**အရူပ ၄ ဘုံ (ရုပ်မရှိ၊ နာမ်ပဲ ရှိတဲ့ ဗြဟ္မာတွေ)**

အာကာသာနဉ္စာယတန၊ ဝိညာနဉ္စာယတန
အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန

**မှတ်ချက်**

ဝေဟပ္ဖိုလ်၊ အကနိဋ္ဌ နဲ့ နေဝသညာနာသညာယတန ဒီသုံးဘုံကို ရောက်နေတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ အခြားဘုံကို မသွားတော့ဘူး။ ဒီဘုံမှာပဲ ရဟန္တာဖြစ်ပြီး ဘဝဆုံးမယ်။

၃၁ ဘုံကို ရေတွက်ကြည့်ပါ။

## ခဏချင်း ဗြဟ္မာပြည်သို့တိုင် ပျံ့နှံ့သွားခြင်း

၂၄။ ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

ခဏေန = လက်ဖျစ် ၁၀ တွက် ၁ ခဏ
လယေန = ၁၀ ခဏ ၁ လယ
မုဟုတ္တေန = ၁၀ လယ ၁ မုဟုတ် (လက်ဖျစ် တစ်ထောင်)
အစစ်အမှန် ခဏ မဟုတ်၊ ချက်ခြင်းဆိုတဲ့ အဓိပ္ပာယ်။

## မြေလျှင်လှုပ်ခြင်း၊ အလင်းရောင် ဖြစ်ပေါ်ခြင်း

၂၅။ အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ

ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

ဒသသဟဿိလောကဓာတု = လောကဓာတ် တစ်သောင်း

လောကဓာတ် တစ်ခုမှာ မြင်းမိုရ်တောင် တစ်ခု၊ ကျွန်းကြီး လေးကျွန်း၊ သမုဒ္ဒရာ လေးခုရှိတယ်။

သံကမ္ပိ = တက်၍ တက်၍ လှုပ်၏

သမ္ပကမ္ပိ = တက်၍ သက်၍ လှုပ်၏

သမ္ပဝေဓိ = အရပ်လေးမျက်နှာသို့ ခါရမ်း၍ လှုပ်၏

အပ္ပမာဏော ဥဠာရော သြဘာသော = အတိုင်းမဲ့ ကျယ်ပြော တောက်ပတဲ့ အလင်းရောင်တွေ ဖြစ်ပေါ်တယ်။

အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝံ = အဲဒီ အလင်းရောင်ဟာ နတ်ဗြဟ္မာတွေရဲ့ တန်ခိုးနဲ့ ပြတဲ့ အလင်းထက် တောက်ပတယ်။

### မြတ်စွာဘုရား ဥဒါန်းကျူးရင့်ခြင်း

၂၆။ အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ 'အညာသိ ဝတ ဘော ကောဏ္ဍညော အညာသိ ဝတ ဘော ကောဏ္ဍညော'တိ။ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိကောဏ္ဍ-ညောတွေဝ နာမံ အဟောသိတိ။

ဥဒါနံ = ဝမ်းမြောက်လို့ မြွက်ကြားတဲ့ စကား

အရှင်ကောဏ္ဍည သောတာပတ္တိမဂ်ဖိုလ် တရားထူး ရသွားတာကို မြတ်ဗုဒ္ဓ သိတော်မူလို့ ဝမ်းမြောက်ပြီး 'အညာသိ ဝတ ဘော ကောဏ္ဍညော = ကောဏ္ဍည သိသွားပြီဟေ့'လို့ နှစ်ကြိမ် မြွက်ဟတော်မူတယ်။ အဲဒီလို ဝမ်းသာလို့ မိန့်တော်မူတဲ့ စကားကို ဥဒါန်းကျူးတယ်လို့ ခေါ်တယ်။

ဒီလို မြွက်ကြားတာကို အကြောင်းပြုပြီး အရှင်ကောဏ္ဍညဟာ နောင်အခါ 'အညာသိကောဏ္ဍည'လို့ နာမည် တွင်ပါတယ်။

သံယုတ်ပါဠိတော်အရဆိုရင် ဓမ္မစကြာသုတ်ဟာ အပိုဒ် ၂၆ မှာ ပြီးဆုံးတယ်။ ဝိနည်းပါဠိတော်အရတော့ အပိုဒ် ၂၉ ရောက်မှ ဓမ္မစကြာသုတ် ဆုံးတယ်။ အဲဒီ စာပိုဒ်တွေအရ ဗုဒ္ဓသာသနာမှာ ဘိက္ခုသံဃာ စတင်ဖြစ်ပေါ်လာပုံကို သိရတယ်။

အရှင်ကောဏ္ဍညဟာ မြတ်ဗုဒ္ဓပြီးရင် ပထမဆုံး ဖြစ်လာတဲ့ ဗုဒ္ဓသာသနာဝင် ရဟန်းတော်ဖြစ်လို့ မြတ်စွာဘုရား ပြီးရင် သိက္ခာဝါ အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါကြောင့် 'ရတ္တညူ' တေဒဂ်ကို ရတော်မူပါတယ်။ ရတ္တညူဆိုတာ သိက္ခာဝါ အကြီးဆုံး ပုဂ္ဂိုလ်လို့ အဓိပ္ပာယ်ရှိပါတယ်။



### အရှင်ကောဏ္ဍည ရဟန်းအဖြစ်ကို တောင်းပန်ခြင်း

၂၇။ အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ 'လဘေယျာဟံ ဘန္တေ ဘဂ-ဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ'န္တိ။

ဒီမှတ်တမ်းအရ ပဉ္စဝဂ္ဂီ ငါးဦးထဲက အခြား ရဟန်းလေးပါးဟာ ဓမ္မစကြာတရားကို နာပြီးကြပေမယ့် ဗုဒ္ဓထံမှာ ရဟန်းပြုဖို့ ဆုံးဖြတ်နိုင်ကြဟန် မတူသေးဘူး။ ခုခေတ်မှာ အခြားဘာသာဝင် တစ်ယောက်က ဗုဒ္ဓသာသနာထဲ ဝင်ပြီး ရဟန်းပြုဖို့ ခက်ခဲသလိုပါပဲ။ အရှင်ကောဏ္ဍညအနေနဲ့ မိရိုးဖလာ ယုံကြည်မှုကို စွန့်ပြီး ရဟန်းပြုဖို့ တောင်းပန်နိုင်တာဟာ ဘာကြောင့်လဲ ဆိုရင် –

ဒိဋ္ဌဓမ္မော = နိဗ္ဗာနသစ္စာကို ဉာဏ်နဲ့ မြင်ပြီးဖြစ်လို့

ပတ္တဓမ္မော = နိဗ္ဗာနသစ္စာကို ဉာဏ်နဲ့ ရောက်ပြီးဖြစ်လို့

ဝိဒိတဓမ္မော = ထင်ထင်ရှားရှား သိပြီးဖြစ်လို့

ပရိယောဂါဠှဓမ္မော = အကြွင်းမဲ့ သိပြီးဖြစ်လို့

တိဏ္ဏဝိစိကိစ္ဆော = ကိုယ်တိုင်သိနဲ့ သံသယ ကင်းသွားလို့

ဝိဂတကထံကထော = သို့လောသို့သော မဖြစ်တော့လို့

ဝေသာရဇ္ဇပ္ပတ္တော = အမှန်ပဲလို့ သိပြီး ရဲရင့်သွားလို့

အပရပ္ပစ္စယော = ကိုယ်တိုင်ပင် သိနေလို့

လောကမှာ ဘာသာတရား ကိုးကွယ်နေကြတာဟာ ကိုယ်တိုင်မသိဘဲ သူတပါးကို အားကိုးပြီး ကိုးကွယ်နေကြတာ များတယ်။ ဗြဟ္မာ ထာဝရ နတ်သိကြားတွေဆိုတာကို ဘယ်သူမှ မမြင်ဖူးပေမယ့် တရားဟောဆရာတွေ ပြောရုံနဲ့၊ ကျမ်းစာထဲမှာ ရေးထားရုံနဲ့ ယုံကြည်ကိုးကွယ်နေကြတာ။

သမထ ဝိပဿနာကို အားထုတ်လို့ အတော်အတန် ကိုယ်တွေ့ရှိလာရင် အဲဒီယုံကြည်မှုဟာ အရှင်ကောဏ္ဍညလို ကိုယ်တွေ့ ကိုယ်တိုင်သိ ယုံကြည်မှု ဖြစ်နိုင်ပါတယ်။

အရှင်ကောဏ္ဍည ရဟန်းအဖြစ်ကို တောင်းပန်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့ ဒိဋ္ဌဓမ္မော၊ ပတ္တဓမ္မောစတဲ့ စကားကို သံဂါယနာတင် အရှင်မြတ်တွေ ဖော်ပြထားတာဟာ အဓိပ္ပာယ်လေးနက်ပြီး အင်မတန် ကြည်ညိုစရာ ကောင်းတယ်။

တရားသဘောသိလေလေ၊ ကြည်ညိုစရာကောင်းလေလေပဲ။

အဲဒီလို တောင်းပန်လို့ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ဆိုပြီး ရဟန်း ပြုပေးတော်မူပါတယ်။



### အရှင်ကောဏ္ဍည ဧဟိဘိက္ခု ရဟန်းဖြစ်ပုံ

၂၈။ 'ဧဟိ ဘိက္ခူ'တိ ဘဂဝါ အဝေါစ 'သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ'တိ။

၂၉။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ နိဋ္ဌိတံ။

ဘဂဝါ အဝေါစ = မြတ်စွာဘုရားက မိန့်တော်မူလိုက်တယ်။ ဘယ်လို မိန့်တော်မူသလဲဆိုရင် –

ဧဟိ ဘိက္ခု = ရဟန်း၊ ငါ၏ သာသနာသို့ လာခဲ့လော့

သွာက္ခာတော ဓမ္မော = ဓမ္မကို ကောင်းစွာ ဟောထားပါပြီ

ဗြဟ္မစရိယံ = မြတ်သော သီလ သမာဓိ ပညာ အကျင့်ကို

စရ = ကျင့်သုံးပါ

သမ္မာ = ကောင်းစွာ

ဒုက္ခဿ အန္တကိရိယာယ = ဒုက္ခကို အဆုံးသတ်ဖို့

အရှင်ကောဏ္ဍညဟာ မူလကလည်း ရသေ့ ရဟန်းပါပဲ။ ဒါပေမယ့် ဗုဒ္ဓရဲ့တပည့် သာသနာဝင် ရဟန်းဖြစ်ဖို့ တောင်းပန်တာ။ မြတ်ဗုဒ္ဓက 'ဧဟိ ဘိက္ခု = ရဟန်း လာလော့'လို့ ခေါ်လိုက်တာနဲ့ ဗုဒ္ဓရဲ့တပည့် သာသနာဝင် ရဟန်း ဖြစ်သွားပါတယ်။

### တရားထူး ရသူများ

ဓမ္မစကြာ တရားဦးကို နာယူသူ လူသားထဲက ပဉ္စဝဂ္ဂီငါးဦးပဲ ရှိပြီး တရားထူးကို ရသွားတာက အရှင်ကောဏ္ဍည တစ်ပါးပါပဲ။ ဗြဟ္မာ ၁၈ ကုဋေ ရှိတယ်၊ ကာမာစရနတ်တွေကတော့ အတိုင်းအတာ မသိနိုင်တဲ့အထိ များပြားတယ်။

အရှင်ဝပ္ပ ဝါဆိုလပြည့်ကျော် ၁ ရက်၊ အရှင်ဘဒ္ဒိယ ၂ ရက်၊ အရှင်မဟာနာမ ၃ ရက်၊ အရှင်အဿဇိ ၄ ရက် မြောက်နေ့တွေမှာ သောတာပန် ဖြစ်သွားကြတယ်။ သောတာပန်ဖြစ်ပြီးတဲ့ အရှင်မြတ်တွေက ရဟန်းအဖြစ်ကို တောင်းပန်ကြလို့ မြတ်ဗုဒ္ဓက 'ဧဟိ ဘိက္ခု'လို့ ခေါ်ပြီး ရဟန်းပြုပေးပါတယ်။

လပြည့်ကျော် ၅ ရက်နေ့မှာတော့ ရဟန်း ငါးပါးလုံးကို စုဝေးစေပြီး အနတ္တလက္ခဏသုတ်ကို ဟောကြားရာမှာ အားလုံး ရဟန္တာ ဖြစ်သွားကြတယ်။

အနတ္တလက္ခဏသုတ်ကို ဟောပြီးတဲ့အချိန်မှာ ကမ္ဘာပေါ်မှာ ပထမဆုံးသော ရဟန္တာ ၆ ဆူ ပေါ်ထွန်းခဲ့ပါတယ်။

---